# အလှမ်းမဝေးတော့ပြီ

**ဦးငြိမ်းချမ်း**

မြန်မာနိုင်ငံသည် သမိုင်းတစ်ခေတ် ဆန်းသစ်ခဲ့ပြီဟု ဆိုရပေမည်။နှစ်ပေါင်း ၆၀ ကျော်ကြာ တိုင်းရင်းသား လက်နက်ကိုင်များနှင့် တိုက်ပွဲ ဖြစ်ခဲ့ရာမှ အပစ်အခတ်ရပ်စဲရေး မှု ကြမ်း စာချုပ်အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အစိုးရ သစ် လက်ထက်မှပင် ခေတ်အဆက်ဆက် ပိတ်ဆို့ ကြန့်ကြာခဲ့ရသော ဖွံ့ဖြိုးမှုဟူသည့် ကဏ္ဍ အရပ်ရပ်သည် အထိုက်အလျောက် ပြန်လည် ပွင့်လင်း စီးဆင်း လာနေပြီဟုတော့ ရှုမြင် နိုင်သည်။ အမှန်စင်စစ် ဖွံ့ဖြိုးတိုးတက်မှုဟူသည် နိုင်ငံ တစ်နိုင်ငံ၏ အစိုးရနှင့် ပြည်သူပေါင်းစည်း ညီညွတ်သော စွမ်းပကားဖြင့် ဝိုင်းဝန်း တည်ဆောက်နိုင်မှသာ ရရှိနိုင်မည့် အကျိုးတရားဟု ယုံကြည်မိသည်။ မည်သည့်နိုင်ငံ၌ မဆို နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းသည် နိုင်ငံသား အားလုံး စဉ်ဆက်မပြတ် စိတ်ဝင်တစား ပါဝင် ဆောင်ရွက်သွား ကြရမည့် သမိုင်းပေး တာ ဝန်ကြီးပင် ဖြစ်သည် ။ အခက်အခဲဟူသည် နေရာတကာ၌ ရှိစမြဲ ဖြစ်သော်လည်း မိမိ၏ မျှော်မှန်းချက်ကို စွဲမြဲစွာ လက်ကိုင်ထားပြီး ရည်ရွယ်ရာ ပန်းတိုင်အား မျက်ခြည်ပြတ် မခံဘဲ ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစား ကျော်လွှား သွားရန်သာ ဖြစ်သည်။ ထို့ပြင် အခြေခံ ကောင်းများကို ဦးစားပေး တည်ဆောက်သွားနိုင်ရေးသည် အရေးအကြီးဆုံး ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက် မြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာ အရေးပါသော လုပ်ငန်းစဉ်အဖြစ် ခံယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်သည်။ သို့မှသာ နိုင်ငံတော်ကြီး တိုးတက်မှု ရေရှည် တည်တံ့ရေးနှင့် ခေတ်စနစ်ကောင်းတစ်ခု ထာဝစဉ် ရှင်သန်နိုင်ရေးအတွက် ရတက်အေးရလိမ့်မည်။

မျက်မှောက် ကာလတွင် နိုင်ငံတော် အစိုးရ အနေဖြင့် တိုင်း ပြည်၏ အခြေခံဖြစ်သည့် ကျေးလက်ဒေသများနှင့် ဖွံ့ဖြိုးမှု အားနည်းလျက်ရှိသော နယ်စပ်ဒေသများပါ မ ကျန် ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများ အမှန် ရရှိစေဖို့ ကြိုးပမ်း အားထုတ်နေသည် များကိုလည်း ထင်သလို မအောင်မြင်တာ တွေ့နေရပါသည်။ ဤနေရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လုပ်ရှားမှု အခန်းကဏ္ဍကိုလည်း အလွန်အရေး ကြီးပါသည်။ ထိုဦးစီးဌာနသည် နိုင်ငံတော် အစိုးရ၏

မူဝါဒဖြစ်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးစနစ်ကို အခြေခံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲ မှု လျှော့ချရေး စသည့် ကဏ္ဍကြီး ကို လက်တွေ့အကောင် အထည်ဖော် ဆောင် ရွက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရသကဲ့သို့ ၎င်းဌာန၏ မျှော်မှန်းချက်ဖြစ်သည့် "ထောင်စုနှစ်၏ ရည်မှန်းချက်နှင့်အညီ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် ဟူသော လုပ်ငန်းစဉ်များ ကိုလည်း စနစ်တကျ ဆောင်ရွက်ပေးလျက် ရှိနေသည်ကို တွေ့မြင်နေရ ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူလူထုက နိုင်ငံအရေးတွင် ပါ ဝင် ဆောင်ရွက်ခြင်း၊ နိုင်ငံသားတို့၏ အခွင့်အရေးနှင့်တာဝန်ကို အပြည့်အဝထမ်းဆောင်သည့် အခွင့် အရေးများ ရှိခြင်းမှာ အရေးအကြီးဆုံးအချက် များပင်ဖြစ်သည်။ People Participation Approach (လူထုဗဟိုပြုချဉ်းကပ်နည်း) ဒီမိုကရေစီနည်းလမ်းကိုသုံးလျက် ရပ်ရွာ၏ ရင်ဆိုင် နေသော အရေးကိစ္စများကို အဖြေရှာရန်နှင့် လက်တွေ့ဖြေရှင်း ဆောင်ရွက်ရန်ဖြစ်သည်။ အထူးသဖြင့် မတည်မငြိမ်ဖြစ် နေသောဒေသမှ ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရန် လက်တွေ့အကျိုးဝင်နိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ များဘဝမှာ အရေး ပါအောင် တိုးတက် ကောင်းမွန်မှုတွေ ဖန်းတီးပေးရ မည် ဖြစ်ပါသည်။ ကျေးလက်နေ ပြည်သူများအနေဖြင့် ရေရှည်မျှော်မှန်းထားချက်ကို သဘောပေါက် မှု အားနည်းပြီး မိမိဒေသသို့ ရောက်ရှိလာသည် NGO/INGO အဖွဲ့များ ပေါ်တွင် မှီခို လို စိတ် (dependency)ဖြင့် ရပ်တည်ဆောင်ရွက် နေ ကြသည် ကများပါသည်။ တနည်း အားဖြင့် NGO/INGO အဖွဲ့ များ၏ ထောက်ပံ့မှုကို မျှော်လင့် ပြီး ရပ်တည် ကြသည်က ဖွံ့ဖြိုးရေးတိုးတက်ရေး အတွက် မှားယွင်းသော တွေ့ခေါ် ယူဆချက် များ မရှိအောင် စနစ်တကျ စီမံဆောင် ရွက်သွားရမည် ဖြစ်ပါသည်။

မြန်မာ့ကျေးလက်ဒေသများနေ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုနေသော စိုက်ပျိုးမွေးမြူရေးသမားများ ဆင်းရဲတွင်းမှလွတ်မြောက်ပြီး ဖွံ့ဖြိုးလာရန် ဖွံ့ဖြိုးရေးစီမံကိန်းများ ဖော်ဆောင်လုပ်ကိုင် ပညာပေးရာတွင် သဘာဝကျမှု၊ မှန်ကန်မှု၊ ထိရောက်မှုရှိရန် လိုအပ်ပါမည်။ အထက်ဖော်ပြပါ ညီညီ ညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်လာနိုင်ပါလိမ့် မည်။

ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိက လုပ်ငန်းစဉ် ရပ်ထဲမှ ကျေးရွာချင်းဆက်၊ ကျေးလက်နှင့် မြို့ပြဆက်၊ ခရိုင်ချင်းဆက် လမ်း၊ တံတားများ တည်ဆောက်ခြင်း ဟူသော လုပ်ငန်းစဉ်ပါ အကျိုးတရားကို ဒေသခံများ၊ ပြည်သူများ လက်တွေ့ ခံစားရတော့မည်မှာ မလွဲဧကန် ဖြစ်သည်။

ဤသို့ နိုင်ငံတော် အစိုးရ၊ တိုင်းဒေသကြီး အစိုးရတို့၏ အစီအမံ၊ ခွင့် ပြုရန်ပုံငွေများဖြင့် ကျေးလက်ဦးစီးဌာန၊ ဒေသ အထောက်အကူပြု အဆင့် ဆင့်သော ကော်မတီများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊UN/ NGO/INGO ပူးပေါင်း ပါဝင်ကြလျက် ဒေသခံ ပြည်သူလူထု၏ နေ့စဉ် ရင်ဆိုင်နေရသော လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို ကျော်လွှား နိုင်အောင် ဖြည့်ဆည်း ဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန် ဟူသော မျှော်မှန်းချက်နှင့်အညီ မကြာသော ကာလများ၌ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုး တိုးတက်မှု အလုံးစုံကို ရှုမြင်ရတော့မည်ဟု သုံးသပ်ရေးသာပါသည်။